ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

လူထုဗဟိုပြုစီမံကိန်း၊ ဒီးမော့ဆိုမြို့နယ်
National Community Driven Development Project
**NCDDP**

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်



ဆီးမီဆိုဒါးကျေးရွာ၊ မြလဲကျေးရွာအုပ်စု

ဒီးမော့ဆိုမြို့နယ်

၂၀၁၈ ခုနှစ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## ဆီးမီဆိုဒါးကျေးရွာ၊ မြလဲကျေးရွာအုပ်စု

### မာတိကာ


ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ ..... ၁

မြလဲကျေးရွာအုပ်စုမြေပုံ ..... ၂

မြလဲကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း ..... ၃

ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ ..... ၄

  လူမှုရေးနှင့် အရင်အမြစ်ပြမြေပုံ သုံးသပ်ချက် ..... ၄

  ကျေးရွာသမိုင်းအကျဉ်းချုပ် ..... ၅

  ဥစ္စာစေန ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း ..... ၆

    ဥစ္စာစေနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက် ..... ၇

  ကျား/မ ပင့်ကူအိမ် ..... ၈

    ကျား/မ ပင့်ကူအိမ် သုံးသပ်ချက် ..... ၉

  အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ ..... ၁၀

    အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက် ..... ၁၁

  ရာသီခွင်ပြ ပြက္ခဒိန် ..... ၁၂

    ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက် ..... ၁၃

ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ ..... ၁၄

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ ..... ၁၅

ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-1) ..... ၁၆

ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-2) ..... ၁၉


ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-3) ..... ၂၀

    နောက်ဆက်တွဲ၊ ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ(၄) ..... ၂၁


ကျေးရွာအစည်းအဝေးမှတ်တမ်းများ ..... ၂၂

လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ် ..... ၂၃

## ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ



# မြလဲကျေးရွာအုပ်စုမြေပုံ


မြလဲကျေးရွာအုပ်စုမြေပုံ
မြောက်
တောင်
အရှေ့
အနောက်
ကျေးရွာ
အုပ်စုကျေးရွာ
ရေထွက်ပေါက်
လမ်း
နန်းစံဖူးရေချောင်း
ဂါသောခီရွာဟောင်း
ထီးဆိုတော်ရွာဟောင်း
စီစန်းခီ
လော်ခီသာ
လိုဘောခီ
ဆိုလဗဲခီ
လွိုင်နန့်ဖာ
တေးဝေခီ
ထီးဆိုတော်လယ်တု
မြလဲ
နန်းစံဖူးရေထွက်ပေါက်
ဆီးပူတုန်
ဆီးမီဆုဒိုဝ့
ဆီးမီဆိုဒါး

## မြလဲကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ခြေ | လူဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | စုစုပေါင်း |
| ၁ | မြလဲ | ၇၅ | ၁၈၉ | ၁၉၃ | ၃၈၂ |
| ၂ | ဆီးမီဆိုဒါး | ၅၁ | ၁၁၅ | ၁၁၆ | ၂၃၁ |
| ၃ | ဆီးမီဆိုလား | ၂၂ | ၆၀ | ၅၅ | ၁၁၅ |
| ၄ | ဆီးပူကုန်း | ၃၀ | ၈၁ | ၈၃ | ၁၆၄ |
| ၅ | လွိုင်နန်းဖ | ၃၃ | ၉၂ | ၈၅ | ၁၇၇ |
| ၆ | ဆိုလဖဲခို | ၃၀ | ၇၃ | ၇၅ | ၁၄၈ |
| ၇ | လိုဘောခို | ၃၆ | ၉၀ | ၉၃ | ၁၈၃ |
| ၈ | လော်ခိုသာ | ၂၇ | ၇၆ | ၇၅ | ၁၅၁ |
| ၉ | စီစန်းခို | ၄၁ | ၁၁၅ | ၁၁၆ | ၂၃၁ |
| ၁၀ | တေးဂေခို | ၆၁ | ၁၆၀ | ၁၅၉ | ၃၁၉ |
| ၁၁ | ထီးလယ်ကုန်း | ၂၇ | ၇၁ | ၆၈ | ၁၃၉ |
| ၁၂ | ထီးဆော်ဒေါ်ရွာဟောင်း | ၅ | ၁၀ | ၁၂ | ၂၂ |
| ၁၃ | ဝါသောခိုရွာဟောင်း | ၃၅ | ၈၇ | ၈၄ | ၁၇၁ |
| စုစုပေါင်း | | ၄၇၃ | ၁၂၁၉ | ၁၂၁၄ | ၂၄၃၃ |

## ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ




*ပါဝင်ဆွေးနွေးသူ - ကျား (၃) + မ (၂၆) = (၂၉) ဦး*

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်

ဆီးမီဆိုဒါးကျေးရွာသည် ဒီးမောဆိုမြို့နယ်၏အနောက်ဘက် ဒီးမော့ဆို-တောင်ငူလမ်းမကြီး မြောက်ဘက်(၁)မိုင်ခန့်အကွာ လွိုင်နန်းဖကွန်ကရစ်လမ်းဘေးတွင် တည်ရှိပါသည်။ကျေးရွာ၏ တောင်ဘက်တွင် ဆီးမီဆိုလားကျေးရွာ၊မြောက်ဘက်တွင် နန်းစံဖူးရေချောင်း၊ရှေ့ဘက်တွင် လယ်ယာခင်းများနှင့် အနောက်ဘက်တွင်ကျောက်တောင်တန်းများရှိနေပါသည်။ ကျေးရွာမြောက်ဘက်ရှိနန်းစဖူးရေချောင်းသည် ကျေးရွာအရှေ့ဘက်ရှိလယ်ယာစိုက်ပျိုးခြင်းအတွက် အထောက်အကူပြုနေသည်သာမက နွေရာသီအချိန်တွင်မှာလည်း တစ်ပိုင်တစ်နိုင်ငါးများမွေးမြူနေကြပါသည်။ ထိုအပြင် နွေအချိန် ရေးရှားလျက်ရှိသောမြဲလဲကျေးရွာတို့အတွက်လည်း လာရောက်ခပ်ယူစားသုံးနေကြသည်ကိုတွေ့ရှိရပါသည်။ ကျေးရွာအနောက်ဘက်ရှိကျောက်တောင်များသည်လည်း ကျေးရွာတွင်းလိုအပ်သော ကျေးရွာအခြေခံအဆောက်အအုံများအတွက်လည်း ထုတ်ယူသုံးစွဲနေကြပါသည်။

ကျေးရွာတွင်းအခြေခံအဆောက်အဦးများသည် မူလတန်းကျောင်းခွဲတစ်ကျောင်း၊ ဘုရားကျောင်း၊မူကြိုကျောင်းနှင့်ခန်းမဆောင်များရှိပါသည်။ ထိုမူလတန်းကျောင်းခွဲနှင့်မူကြိုကျောင်း သည်လည်း ကျေးရွာ တွင်းကျောင်းသူ/သားများသာမက ဆီးမီဆိုလားကျောင်းသူ/သားများပါ လာရောက် ပညာ

သင်ကြားနေကြပါသည်။ ခန်းမဆောင်သည် ဘာသာရေးခန်းမဆောင်ဖြစ်၍ ဘာသာရေးပွဲများ ကျင်းပချိန်တွင် အသုံးပြုပြီး ရံဖန်ရံခါ ကျေးရွာဖွံ့ရေးအတွက်အစည်းအဝေး ပြုလုပ်ရာတွင် အသုံးပြုလျက်ရှိပါသည်။ ထို့ကြောင့် ကျေးရွာတွက် လူမှုရေးသုံးခန်းမဆောင်များ လိုအပ်နေပါသည်။ ကျေးရွာတွင် အများသုံးရေတွင်းတစ်တွင်းရှိပြီး ရေလှောင်ကန်များရှိနေပါသည်။ ထို့ကြောင့် ကျေးရွာမြေပုံအရ သောက်သုံးရေတွင်းတစ်တွင်းသာရှိနေပြီးသောက်သုံးရေးအတွက် ခက် ခဲနေပါသည်။

မှတ်တမ်းတင်သူ - ဦးတီရယ်

## ကျေးရွာသမိုင်းအကျဉ်းချုပ်

ဆီးမီဆိုဒါးကျေးရွာသည် ၁၉၁၀ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ ဒီးမော့ဆိုမြို့၊ မြလဲအုပ်စုတွင်တည်ရှိပြီး လွိုင်ကော်-တောင်ငူလမ်းမကြီး မြောက်ဘက်(၁)မိုင်အကွာ ခန့်လွိုင်နန်းဖ ကွန်ကရစ် လမ်းဘေး၊ နန်းစံဖူးချောင်း ရေထွက်ပေါက်တောင်ဘက် (၁)ဖာလုံအကွာ တွင်တည်ရှိပါသည်။ ကျေးရွာအမည်မှာ ဆီးမီဆိုဒါးဖြစ်ပြီ အဓိပ္ပါယ်မှာ ရွာအနီးရှိတောင်တန်းတစ် လျှောက်မှ တောင်နှစ်လုံးကြားမှာ တောကြက်များ အမြဲတမ်း ခိုနားနေသောကြောင့် ဆီးမီဆိုဒါး (ကယားအခေါ်) ဖြစ်ပြီး တောကြက်တောင်ကြားဟု အဓိပ္ပါယ်ဖွဲ့ဆိုပါသည်။ ယခုလက်ရှိအိမ်ခြေ (၅၀) လူဦးရေ ကျား(၁၁၄)ဦး မ(၁၁၆)ဦး စုစုပေါင်း(၂၃၀)ဦး ရှိသည်။ ကယန်းလူမျိုး များဖြစ်ပြီး နှစ်ခြင်းခရစ်ယာန် ဘာသာကို ကိုးကွယ်ယုံကြည်သူများဖြစ်ပါသည်။

ဆီးမီဆိုဒါးကျေးရွာနေ လူထုများသည် ကနဦးစကတည်ကပင် ဆင်းရဲ ကြပ်တည်း သောဘဝနှင့် လုပ်ကိုင်ရှာဖွေစားသောက်နေရပါသည်။ ၁၉၁၀ မှ ၁၉၂၀ခုနှစ်အတွင်း ကာလဝမ်း ပျက်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှော ကပ်ရောဂါနှင့် ကျောက်ရောဂါများကျရောက်သဖြင့် ကလေးများအသက် ဆုံးရှုံးခဲ့ရသည်။

၁၉၄၂ခုနှစ်တွင် ဒုတိယကမ္ဘာစစ် နှင့် ၁၉၄၈ခုနှစ် ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်ကြောင့် စစ်ရှောင်နေရခြင်း အိမ်များမီးရှို့ခံရခြင်းကြောင့် အိုးမဲ့၊ အိမ်မဲ့ဖြစ်လျက် ပဆေးလာကျေးရွာသို့ (၁၀) နှစ်ခန့် ကြာအောင် သွားရောက်မှီခို နေထိုင်ခဲ့ကြရသည်။

၁၉၅၇ ခုနှစ်တွင် အိမ်ခြေ(၅)လုံးဖြင့်သာ ပြန်လည်စုစည်းပြီး ကျေးရွာပြန်လည်တည်ထောင် ခဲ့ပါသည်။ တည်ထောင်အခြေချနေရာမှာ ရွာဟောင်း၏ မြောက်ဘက်တစ်မိုင်အကွာ နန်းစံဖူးချောင်း တောင်ဘက်နှစ်ဖာလုံအကွာ လွိုင်နန်းဖလမ်းဘေးတွင် တည်ရှိပါသည်။


၁၉၉၀ခုနှစ်တွင် နန်းစံဖူးရေချောင်းရေခန်းခြောက်ခြင်းကြောင့် ရွာလုံးကျွတ်ငှက်ဖျားတုတ် ကွေးရောဂါခံစားရပါသည်။ ရေလုံလောက်မှုမရှိသည်အချိန်တွင် ရောဂါများပိုမိုခံစားနေရသည်ကို တွေ့နေရပါသည်။ ဆီးမီဆိုဒါးကျေးရွာကို ငှက်ဖျားကျေးရွာဟုလည်းသတ်မှတ်ခြင်းခံရပါသည်။ အဘယ်ကြောင့် ဆိုသော် ကျေးရွာသည် လယ်ယာမြေနှင့်ရေထွက်ပေါက်အနီးရှိနေခြင်းကြောင့် ခြင်ပေါက်ပွားမှု ရှိနေခြင်းဖြစ်သည်။

၁၉၉၉ခုနှစ်တွင် သဘာဝဘေးဒဏ်ကြောင့် နန်းစံဖူးရေချောင်းခမ်းခြင်းနှင့် မိုးခေါင် ခြင်းကြောင့် သောက်သုံးရေအတွက် ငွေတောင်ဆည်အထိသွားရောက်ခပ်ယူရပါသည်။ ထို့အပြင် စိုက်ပျိုးရေးအဆင်မပြေသဖြင့် တိရစ္ဆာများလည်း အသေအပျောက်များခြင်းနှင့် ကျေးရွာ/သားများ ကျန်းမာရေးထိခိုက်လာပါတော့သည်။ ကျန်းမာရေးချို့တဲ့မှုကြောင့် ကလေးများသည်လည်း ပညာရေးကို ကောင်းမွန်စွာ လေ့လာသင်ယူမှုအားနည်းခဲ့ရပါသည်။ မိသားစုစားဝတ်နေရေးမှာလည်း အလွန်ကြပ်တည်း လာနေပါသည်။

ဆီးမီဆိုဒါးကျေးရွာနေ လူထုများသည် လက်လုပ်လက်စားဘဝများဖြင့်သာ ရုန်းကန်လုပ်ကိုင်စားသောက်ရင်း အသက်မွေးကြပါသည်။၂၀၁၅ခုနှစ်တွင် လေမုန်တိုင်းများကျရောက်သည့်အ တွက် လူနေအိမ်မိုးခေါင်များ၊အပင်များနှင့် တိရစ္ဆာများပျက်စီးခဲ့ရပါသည်။ မိသားစုစားဝတ်နေရေး အဆင်ပြေရန် ကျောက်ထုလုပ်ခြင်း၊ထုံးဖုတ်ခြင်းများဖြင့် လုပ်ကိုင်စားသောက်နေကြပါသည်။ လယ် ယာ၊ မြေယာပိုင်ဆိုင်မှု နည်းပါးသည့်အတွက် စိုက်ပျိုးရေးကို များစွာမလုပ်နိုင်ကြပေ။ အလုပ်အကိုင် ရှားပါးမှုကြောင်း ဝင်ငွေ၊ထွက်ငွေလည်း မျှတမှုမရှိခဲ့ချေ။

မှတ်တမ်းတင်သူ - ဦးတီရယ်

## ဥစ္စာဓန ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း





*ပါဝင်ဆွေးနွေးသူ - ကျား (၃) + မ (၂၆) = (၂၉) ဦး*

ဆီးမီဆိုဒါးနှင့်ဆီးမီဆိုလားကျေးရွာတို့သည် ကျေးရွာချင်းကပ်လျက်ရှိကြပြီး ဆီးမီးဆိုလားကျေးရွာတွင် အိမ်ခြေ(၂၂)လုံးရှိပြီး ဆီးမီးဆိုဒါးကျေးရွာ အိမ်ခြေ(၅၁)လုံးရှိပါသည်။ သို့သော်ထိုကျေးရွာနှစ်ရွာတို့သည် အေးအတူပူအမျှဆိုသလို အချင်းချင်းအပြန်အလှန် ပေါင်းသင်းကြပြီး ကော်မတီဖွဲ့ရာတွင်လည်း ပေါင်းဖွဲ့နေကြပါသည်။ ထို့ကြောင့် ဆွေးနွေးချက်အရ ကျေးရွာလူနေမှု အဆင့်အတန်းကို အဆင့်(၃)ဆင့်ဖြင့် ခွဲခြားထားပါသည်။ ချမ်းသာသောအိမ်ထောင်စုများသည် လယ်ယာများ လုပ်ကိုင်စားသောက်ကြသော်လည်း ထိုသူတို့၏ယခင်က အရင်းအနှီးရှိထားမှုကြောင့် မြေသြဇာများထည့်နိုင်ခြင်း၊လူများငှားရမ်းခေါ်ယူ နိုင်ခြင်းကြောင့် ဝင်ငွေများပိုမိုရရှိနိုင်ခဲ့ပါသည်။ထိုသူတို့၏ တစ်နှစ်တာဝင်ငွေမှာ(၂၀)သိန်းဝန်း ကျင်ရှိပါသည်။ အလယ်အလတ်အုပ်စုများသည် လယ်ယာများလုပ် ကိုင်စားသောက်ကြသော်လည်း လယ်ယာပိုင်ဆိုင်မှု အားနည်းခြင်းကြောင့် လုပ်သားငှားမှုအားနည်းခြင်းဖြင့် တစ်နှစ်တာဝင်ငွေများ မှာ(၁၀)သိန်းမှ (၁၅)သိန်းဝန်းကျင်ရှိပါသည်။ ဆင်းရဲသောအိမ်ထောင်စုများသည် လယ်ယာမြေများပိုင်ဆိုင်မှုမရှိ၍ ကျေးရွာအတွင်းရှိအဆင်ပြေသောအိမ်စုထံမှ အလုပ်များသောကာလတွင် နေ့စားလိုက်ခြင်း၊ အလုပ်မရှိသောကာလတွင် အချို့မိသားစုဝင်တို့သည် ကျေးရွာပြင်ပမှ ရုံဖန်ရံခါ ခေါ်သောအလုပ်တွင် သွားရောက်လုပ်ကိုင် စားသောက်ကြပြီး ထိုသူတို့၏ တစ်နှစ်တာဝင်ငွေများ မှာ(၁၀)သိန်းအောက် ရရှိနေပါသည်။

ထို့ကြောင့် ဥစ္စာစနေကြွယ်ဝမှုကိုသုံးသပ်ရာတွင် ကျေးရွာတွင်းအဆင်မပြေသောအိမ်ထောင်စုများသည် အလုပ်အကိုင်အခွင့်အလမ်းအားနည်းခြင်း၊ အလုပ်အကိုင်ရှိသော်လည်း လုပ်အားခအားနည်းခြင်းကြောင့် ဝင်ငွေရရှိမှုမှာလည်း အားနည်းနေသည်ကိုတွေ့ ရှိရပြီး အခြားပြင်ပအဖွဲ့အစည်းများမှ ကျေးရွာအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်းသီးပေးခြင်း၊ ထိုသူတို့ကိုအသက်မွေးနိုင်သောပညာ တစ်စုံတစ်ခုများ ပေးနိုင်ခြင်းဖြင့် စားဝတ်နေရေးအတွက် အဆင်ပြေလာသောကျေးရွာတစ်ရွာ ဖြစ်လာမည်ဟု သုံးသပ်ရရှိပါသည်။

မှတ်တမ်းတင်သူ - ဦးတီရယ်

ကျား/မ ပင့်ကူအိမ်



*ပါဝင်ဆွေးနွေးသူ - ကျား (၃) + မ (၂၆) = (၂၉) ဦး*


ဆီးမီဆိုဒါးနှင့်ဆီးမီဆိုလားကျေးရွာ၏ ကျား မ ရေးရာပင့်ကူအိမ်သုံးသပ်ရာတွင် ကွာဟမှုရှိနေသည်ကို တွေ့ရပါသည်။ပညာရေးတွင် ကျေးရွာအနေဖြင့် အမျိုးသားနှင့်အမျိုးသမီး များက ပညာသင်ကြားခွင့်တူနေ သည်ကိုတွေ့ရပါသည်။သို့သော် အမျိုးသားများအနေဖြင့် ပညာသင်ကြားရန် အမျိုးသမီးထက် စိတ်ဝင်စားမှုပိုမိုအား နည်းနေပါသည်။

အမွေရပိုင်ခွင့်တွင် ကျေးရွာလူမျိုးစုများ၏ ထုံးတမ်းဓလေ့အရ အမျိုးသားများကိုသာပိုမို ဦးစားပေးနေသောကြောင့် အမျိုးသမီးများအနေဖြင့် အခွင့်အရေးနည်းနေပါသည်။ လုံခြုံရေးပိုင်းတွင်မှာလည်း ကျေးရွာတွင်းတွင် အမျိုးသမီးများသည်အမျိုးသားများနှင့်တူညီသော်လည်း ညအချိန်တွင် အမျိုးသားများက ပိုမိုများပြားနေသည်ကိုတွေ့နေရပါသည်။ ဆုံးဖြတ်ပိုင်ခွင့်နှင့်ဦးဆောင်ပိုင်ခွင့်မှာလည်း အရေးကြီးသောနေရာတွင် အမျိုးသားများကသာ ဦးဆောင်သွားနေသည်ကိုတွေ့ရပြီး ပုံမှန်အချိန်တွင် ရံဖန်ရံခါအမျိုးသမီးများဆုံးဖြတ်နေပါသည်။ အကြောင်းမှာ ရှေ့ယခင် က အမျိုးသမီးများကို အခွင့်အရေးမပေးခဲ့သဖြင့် ယခုချိန်တွင် အမျိုးသမီးကိုဦးဆောင်ခိုင်းသော် မဦးဆောင်ရဲဘက် အမျိုးသားများသာပြန်လည်ပိုမိုဦးဆောင်နေသည်ကိုတွေ့ရှိရပါသည်။ကျေးရွာမှာလည်း ဝင်ငွေရရှိမှုတွင် အမျိုးသားနှင့်အမျိုးသမီးတန်းတူညီသော်လည်း အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသားများသာနေပါသည်။ဝင်ငွေမရရှိနိုင်သော အိမ်မှုကိစ္စများမှာသာလျှင် အမျိုးသမီးများသာလွန်နေသည်ကိုတွေ့ရှိရပါသည်။

ထို့ကြောင့် ဆီးမီဆိုဒါးနှင့်ဆီးမီဆိုလားကျေးရွာ၏ ပင့်ကူအိမ်ကိုသုံးသပ်ရာတွင် အမျိုးသားများသည် အမျိုး သမီးများထက် အခွင့်အရေးများနေသည်ကိုတွေ့ရှိရ၍ အခြားသော အဖွဲ့အစည်းများမှ ကျား မရေး ရာနှင့်ပတ်သက်သော အမြင့်ဖွင့်သင်တန်းများ ပေးခြင်း၊ အမျိုးသားဘက်မှလည်းအမျိုးသမီးပါဝင်လာ အောင်တိုက်တွန်းဆွဲခေါ်ခြင်းဖြင့် အမျိုးသားအမျိုးသမီးတန်းတူအခွင့်အရေးရရှိစေမည် ဟု သုံးသပ် ရရှိပါသည်။

မှတ်တမ်းတင်သူ - ဦးတီရယ်

အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ




ပါဝင်ဆွေးနွေးသူ  - ကျား (၃) + မ (၂၆) = (၂၉) ဦး

## အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက်

ဆီးမီဆိုလားနှင့်ဆီးမီဆိုဒါကျေးရွာတွင် အဖွဲ့ပေါင်း(၁၀)ဖွဲ့ရှိသည်။ ဖွံ့ဖြိုးရေးနှင့်ဆိုင်သောအလုပ်များ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် ဘာသာရေးအဖွဲ့များရှိပါသည်။ ဖြစ်သည်။ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့သည် မရှိမဖြစ် ဩဇာလွှမ်းမိုးမှု ရှိသကဲ့သို့ ဘာသာရေးအဖွဲ့သည်လည်း အရေးကြီးသောနေရာတွင်လည်းရှိနေပါသည်။ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၏အဓိကလုပ် ဆောင် ချက်မှာ ကျေးရွာပြင်ပမှရောက်ရှိလာသော အဖွဲ့အစည်းများ အားလုံးတို့ကျေးရွာ လူထု နှင့်ချိတ်ဆက်ပေးခြင်း၊ ကျေးရွာတွင်းပြဿနာတစ်စုံတစ်ခုပေါ်ပေါက်လာပါက ကြီးသောအမှု ကိုငယ်အောင် နှင့်ငယ်သောအမှုကိုပပျောက်အောင်ဆောင်ရွက်ပေးပါသည်။ ဘာသာရေး အဖွဲ့များဆိုရာတွင် ကလေးသူငယ်အဖွဲ့နှင့်အသင်းတော်ကော်မတီများပါဝင်ပြီး ၄င်းအဖွဲ့သည် လူအများယုံကြည်ကျေး လိမ္မာလာအောင်သွန်သင်ဆုံးမပေးသော အဖွဲ့လည်းဖြစ်ပါသည်။

လူငယ်အဖွဲ့၊အမျိုးသမီးအဖွဲ့နှင့်အမျိုးသားအဖွဲ့များသည်ကျေးရွာတွင်းရှိ သာရေးနာရေး ကိစ္စအဝဝအတွက်ပါဝင်ကူညီလုပ်ရှားပေးသောအဖွဲ့ဖြစ်ပါသည်။ထို့အပြင် လူထုဗဟိုပြုကော်မတီ ၊care၊LDNနှင့်ဖွံ့ဖြိုးရေးအဖွဲ့တို့သည် ကျေးရွာနှင့်ပတ်သက်သောဖွံ့ဖြိုးရေးလုပ်ငန်းများကိုတာဝန်ယူဆောင်ရွက် ပေးသောအဖွဲ့များဖြစ်ပါသည်။

မှတ်တမ်းတင်သူ - ဦးတီရယ်

# ရာသီခွင်ပြ ပြက္ခဒိန်




*ပါဝင်ဆွေးနွေးသူ - ကျား (၁၅) + မ (၂၃) = (၃၈) ဦး*

ဆီးမီဆိုဒါးနှင့်ဆီးမီဆိုလားကျေးတို့သည် အဓိကမိုးစပါးကို စိုက်ပျိုးလုပ်ကိုင်စား သောက်ကြသည်။ စိုက်ပျိုးချိန်မှာ မေလနှင့်ဇွန်လဖြစ်ပြီး ရိတ်သိမ်းချိန်မှာ အောက်တိုဘာလမှ ဒီဇင်ဘာလဖြစ်သည်။ လယ်မရှိသော အိမ်ထောင်စုများသည် ကျေးရွာအနီးနားရှိရွာများသို့ လက်သမားများ သွားရောက်လုပ်ခြင်း၊ အဆင်သောအိမ်ထောင်စုများထံမှ နေ့စားလိုက်ခြင်း၊ ကျေးရွာဘေးရှုနန်း စံဖူးရေချောင်းမှ ငါးများ သွားရောက်ရှာဖွေဖမ်းယူ၍ ရောင်းစားခြင်းအသက်မွေးလုပ်ကိုင်စား သောက်ကြပါသည်။

နှစ်စဉ်နှစ်တိုင်း ဒီဇင်ဘာလတွင် ခရစ်စ္စမတ်ပွဲကို ကျင်းပပြီး ဇန်နဝါရီလတွင် နှစ်သစ်ကူး ဘုရားရှိခိုးပွဲ၊ မတ်လတွင် ဘာသာရေးအုပ်စုပွဲတော်များကျင်းပ ပြုလုပ်လေ့ရှိပါသည်။

ကျေးရွာတွင် အဓိကရာသီကူးပြောင်းကာလဖြစ်သော ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ဇွန်နှင့် အောက်တိုဘာလတို့တွင် ရောဂါဖြစ်ပွားလေ့ရှိပါသည်။ အဓိကဖြစ်ပွားလေ့ရှိသော ရောဂါများမှာ တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောများဖြစ်သည်။ ကျေးရွာတွင် စိုက်ပျိုးရေးကိုတစ်နိုင်တစ်ပိုင်သာ စိုက်ပျိုးသောကြောင့် တစ်နှစ်သာဝင်ငွေများမှာ နိုဝင်ဘာနှင့် ဒီဇင်ဘာလများသာ ရှိပါသည်။ သောက် သုံးရေအနေဖြင့် မိုးရာသီချိန်တွင် ကျေးတွင်းမြေသားလမ်းဖြစ်၍ သွားလာရေးခက်ခဲသောကြောင့် သောက်သုံးရေ ခက်ခဲနေပါသည်။

ထိုကြောင့် ကျေးရွာသူ/သားများသည် စပါးစိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်တို့မှအပ ကျေးရွာ ပြင်ပသို့ သွားရောက်လုပ်ကိုင်ကြပါသည်။

မှတ်တမ်းတင်သူ - ဦးတီရယ်

## ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ

| စဉ် | အမည် | ကျား/မ | ရာထူး |
|---|---|---|---|
| ၁ | ဦးဒါနီယေးလာ | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဉက္ကဌ |
| ၂ | ဒေါ်စေးမေထူး | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ ၊ ဉက္ကဌ |
| ၃ | ဦးမြအေး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ (ခေါင်းဆောင်) |
| ၄ | ဦးပီတာဝင်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ |
| ၅ | ဒေါ်နော်အယ်ဗီးရှာ | မ | ဝယ်ယူရေးဆပ်ကော်မတီ |
| ၆ | ဦးနေထူး | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ (ခေါင်းဆောင်) |
| ၇ | ဦးနေဝင်း | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၈ | ဦးမေးလို | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၉ | ဦးစံထူး | ကျား | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၀ | ဒေါ်အယ်ဘလုစေး | မ | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၁ | ဒေါ်ကလဲဒေ | ကျား | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၂ | ဦးနေဝင်း | မ | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၃ | ဦးစောလေယာ | ကျား | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၄ | ဒေါ်ကျူးကျူ | မ | ကျေးရွာစားရင်းကိုင် |
| ၁၅ | ဦးဂျော့စ်မေထူး | ကျား | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်အဲလစ်စဘက် | မ | ကျေးရွာစေတနာ့ဝန်ထမ်း |



ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ





## ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-၁)

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးမြန်းရယူ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးမြင့်ဦး | 09458840246 | ဦးတိဂုယ် |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ကယား | ဒီးမော့ဆို | မြလဲ | ဆီးမီဆိုဒါး |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယန်း | ၅၁ | ဘာသာ (၁) ခရစ်ယာန် | ၅၁ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၆ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၄ | | |
| ဝစ်ဘားရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ကယန်း | ၁၁၅ | ၁၁၆ |
| လူမျိုးစု (၂) ------------ | | |
| လူမျိုးစု (၃) ------------ | | |
| လူမျိုးစု (၄) ------------ | | |
| လူမျိုးစု (၅) ------------ | | |
| အိမ်ထောင်ဦးစီး | ၄၅ | [illegible]၆ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☑ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☑ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း (circled) | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဖဟိုပြုစီမံကိန်းမဖေတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် ၂၀၀၇ /မသိပါ

(၃) ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင် ၂မိုင် /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၁၀ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှည်း/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန် ၃၀ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှည်း/မော်တော်ဘုတ်/

အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ လေပြင်းမုန်တိုင်း (၂၀၁၅ ခုနှစ်)

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဖဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ဖွံ့ဖြိုးရေးကော်မတီ

(၂) မီးလင်းရေးကော်မတီ

ရေရရှိရေးကော်မတီ

ကျေးရွာခေါင်းဆောင် — အမည် [illegible]

လက်မှတ် [illegible] — နေ့စွဲ ၃၀.၁၀.၂၀၁၇

လူထုစည်းရုံးရေးမှူး — အမည် [illegible]

လက်မှတ် [illegible] — နေ့စွဲ ၃၀.၁၀.၂၀၁၇

## ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-၂)

*ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)*

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။* | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး ကိုဂယ် | | | |
| နေ့စွဲ ၃၀.၁၀.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု မြလဲ | ကျေးရွာ ဆီးမိဆိုဒွါး |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၃၀.၁၀.၂၀၁၇ | ၃၀.၁၀.၂၀၁၇ | | | | \| |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | \| |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | \| |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | \| |

# ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-၃)

ပုံစံ - ၈ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

**လမ်းညွှန်ချက်** အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးတိုးရယ် | | | |
| နေ့စွဲ ၃၀၊၁၀၊၂၀၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | ဒီးမော့ဆိုမြို့နယ် | ကျေးရွာအုပ်စု မြလဲ | ကျေးရွာ [illegible] |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | စည်းလုံးညီညွတ်မှုမရှိသည့်အခက်အခဲ | ၁ | အာဟာရအသိနည်းပါးသည့်အခက်အခဲ |
| ၂ | မီးအတွက် မီးတာဖောက်မပေးနိုင်သည့်အခက်အခဲ | ၂ | ရွာတွင်းကျောက်ချောလမ်းမကောင်းသည့်အခက်အခဲ |
| ၃ | အလယ်တန်းကျောင်းမရှိသည့်အခက်အခဲ | ၃ | လမ်းပန်းဆက်သွယ်ရေးအခက်အခဲ |
| ၄ | ဆေးပေးခန်းမရှိသည့်အခက်အခဲ | ၄ | ကျန်းမာရေးမကောင်းသည့်အခက်အခဲ<br>စားဝတ်နေရေးအခက်အခဲ |
| ၅ | ကျေးရွာအစည်းအဝေးခန်းမဆောင်မရှိသည့်အခက်အခဲ<br>ရွာတွင်းကျောက်ချောလမ်းမကောင်းသည့်အခက်အခဲ | ၅ | အလုပ်အကိုင်အခွင့်အရေးမရှိသည့်အခက်အခဲ |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | လူဦးရေများလာရမည် | ၁ | စည်းလုံးညီညွတ်မှုရှိလာရမည် |
| ၂ | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာရမည် | ၂ | ဆေးကုသရန်ဆေးခန်းတစ်ခုရှိရမည် |
| ၃ | အလယ်တန်းကျောင်းရှိလာရမည် | ၃ | ကျား/မ ရေးရာ အခွင့်အရေး တန်းတူရလာရမည် |
| ၄ | စားဝတ်နေရေးအဆင်ပြေလာရမည် | ၄ | ရွာတွင်းကတ္တရာလမ်း ဖြစ်လာရမည် |
| ၅ | ရွာတွင်းကျောက်ချောလမ်းရှိလာရမည် | ၅ | အလယ်တန်း ကျောင်းရှိလာရမည် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | မူလတန်းကျောင်း | အမျိုးသား/သမီး | | ၈၂၃၁ |
| ၂ | ရွာတွင်းကျောက်ချောလမ်း | " | | ၂၃၁ |
| ၃ | ဘက်စုံသုံးခန်းမဆောင် | အမျိုးသား | | ၂၃၁ |
| ၄ | အများသုံးအိမ်သာ | အမျိုးသား | | ၂၃၁ |
| ၅ | ဆေးပေးခန်း<br>စာကြည့်တိုက် | အမျိုးသား/သမီး<br>အမျိုးသမီး | | ၂၃၁ |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ကျေးရွာစည်းလုံးရေးအတွက် အသိပညာသင်တန်း | အမျိုးသား/သမီး | အခြား |
| ၂ | | | |
| ၃ | စိုက်ပျိုးရေး၊မွေးမြူရေး | " | စိုက်ပျိုးရေး၊မွေးမြူရေး |
| ၄ | နည်းပညာသင်တန်းနှင့် အာဟာရအသိတက်ပေးခြင်း | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဖေါ်ဟဲသန်းထူး လက်မှတ် [signature] နေ့စွဲ ၃၀၊၁၀၊၂၀၁၇

## နောက်ဆက်တွဲ(၄)၊ ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | [illegible] | ☐မ ☑ကျား | | |
| | ၂ | အမှိုက်ပုံး သုံး အိမ်သာ | ☐မ ☑ကျား | | |
| | ၃ | [illegible] | ☑မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အသေးစားစီးပွားရေး/ မွေးမြူရေး | ၁ | [illegible] | ☑မ ☑ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ကျန်းမာရေး နှင့်လူမှုရေး | ၁ | [illegible] | ☑မ ☑ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ပညာရေး | ၁ | မူလတန်းကျောင်း | ☑မ ☑ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အခြား | ၁ | [illegible] | ☑မ ☑ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | | | ☐မ | | |

## ကျေးရွာအစည်းအဝေးမှတ်တမ်းများ

### ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့်ကျေးရွာအစီအစဉ်ရေးဆွဲခြင်းအစည်းအဝေး

တက်ရောက်သူဦးရေ - ကျား (၃) + မ (၂၆) = (၂၉) ဦး

အစည်းအဝေးမစတင်မှီ တက်ရောက်သူအမည်စာရင်းများကို ကောက်ယူခဲ့ပါသည်။ ထို နောက်မိတ်ဆက်ခြင်းအစီအစဉ်ပြုလုပ်ခဲ့ပြီး အစည်းအဝေးအစီအစဉ်များကို တင်ပြခဲ့ပါသည်။ အစည်းအဝေးအစီအစဉ်အရ ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေး၏ ရည်ရွယ်ချက်ကို လူထုစည်းရုံးရေးမှူး ဦးတီရယ်မှတင်ပြခဲ့ပါသည်။ ထို့နောက် လူထုစည်းရုံးရေးမှူး မှ ကော်မတီများ၏ တာဝန်နှင့်ဝတ္တရားများကိုရှင်းပြပြီး ၂၀၁၇ခုနှစ်တွင် တာဝန်ထမ်းဆောင် ခဲ့သော ကော်မတီများအားလုံးတို့ကို ကျေးရွာလူထုထံမှ သဘောတူညီချက်အရ ကန့်ကွက်ခြင်းမရှိပါသဖြင့် ယခင်နှစ်ကော်မတီများကို ဆက်လက်ခန့်အပ်ရန်နှင့် ခရီးလွန်သွားသူများကို ပြန်လည်အစားထိုးခဲ့ပါသည်။

ဆက်လက်ပြီး လူထုစည်းရုံးရေးမှူးဦးနေဒီထူးမှ PRAတစ်ခုချင်းစီ၏ ရည်ရွာချက်များကို ရှင်းပြခဲ့ပါသည်။ ထိုနောက် PRAတစ်ခုချင်းစီကို အဖွဲ့လိုက် ဆွေးနွေးပြုလုပ်ကြပြီး တင်ပြဆွေးနွေး ခဲ့ပါသည်။ ထို တင်ပြဆွေးနွေးချက်များ အားလုံးတို့ကို လူထုစည်းရုံးရေးမှူးဦးတီရယ် မှ ပြန်လည်အနှစ်ချုပ် ပေးခဲ့ပါသည်။ ထို့နောက်ကျေးရွာ၏အခက်အခဲပြဿနာနှင့် နောင်လာမည် (၅)နှစ်မျှော်မှန်းချက်တို့ကို ဆွေးနွေတင်ပြခဲ့ပါသည်။

ဆက်လက်ပြီး စီမံကိန်းနှင့် အကျုံးဝင်၊ မကျုံးမဝင်များတို့ကို လက်ထောက်နည်းပညာမှူး ဒေါ်မိုးအိငြိမ်းမှ ဆွေးနွေးတင်ပြခဲ့ပါသည်။ ထိုနောက် ကျေးရွာလူထုများမှ ဦးစားပေးလုပ်ငန်းများကို အများသဘောတူညီချက်ဖြင့် အစဉ်လိုက်ရွေးချယ်ခဲ့ကြပါသည်။ ဆက်လက်ပြီး ဝေဖန်အကြံပြုတိုင်ကြား ဖြေရှင်းရေး နှင့်ပတ်သက်၍ လူထုစည်းရုံးရေးမှူး ဦးတီရယ်မှ ရှင်းလင်းတင်ပြခဲ့ပြီး ကျေးရွာစီထောက် ဥက္ကဌမှ တက်ရောက်သူများ အားလုံးတို့ကို ကျေးဇူးတင်စကားများ ပြောကြားပြီး အစည်းအဝေး အစီအစဉ်ကို ရုတ်သိမ်းလိုက်ပါသည်။

အစည်းအဝေးမှတ်တမ်းတင်သူ - ဦးတီရယ်

## လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ<br><br>(Socila map/ Resources Map) | ၃၀-၁၀ ၂၀၁၇ | ရပ်မိရက်ဖ၊ ကော်မတီဝင်၊ ကျေးရွာလူထု များ အားလုံး | ၃ | ၂၆ | ၂၉ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦများ၊ လုပ်ပန်းဆက်သွယ်ရေးအခြေ အနေ၊ လယ်ယာမြေများ၊ ရေထွက်ပေါက်၊ ရေလှောင် ကန်၊ သစ်တောများ |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း<br><br>(Wealth Ranking) | ၃၀-၁၀ ၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ | ၃ | ၂၆ | ၂၉ | ကျေးရွာလူမှုစီးပွားရေးကို အုပ်စုများခွဲခြားသတ်မှတ်နိုင် ရေးအတွက်အခြေခံစံနှုန်းများ သတ်မှတ်ရန် အများလူထု သဘောတူသတ်မှတ်ခြင်း |
| ၃ | ကျား/မရေးရာ ကဏ္ဍ<br><br>(Access Mapping) | ၃၀-၁၀ ၂၀၁၇ | ကျေးရွာအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၃ | ၂၆ | ၂၉ | ကျေးရွာအတွင်းရှိအရင်းအမြစ်၊ ပိုင်ဆိုင်မှု၊ အခြေခံအဆောက်အ ဦး စသောလုပ်ငန်းများကို ဘယ်သူတွေက အသုံးပြု၊ ထိမ်းချုပ်နေသလဲဆိုတာကို ဆွေးနွေးမှုများ ပြုလုပ်ခြင်း |
| ၄ | ပင့်ကူအိမ် ကွန်ယက်<br><br>(Spider Web) | ၃၀-၁၀ ၂၀၁၇ | အမျိုးသားများနှင့် အမျိုးသမီးများ၊ ကျေးရွာလူထု | ၃ | ၂၆ | ၂၉ | အမျိုးသားများနှင့်အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိ သည့် အကြောင်းအရင်းများ |
| ၅ | အဖွဲ့အစည်း ချိတ်ဆက်ပုံ<br><br>(Venn Diagram) | ၃၀-၁၀ ၂၀၁၇ | ကျေးရွာအုပ်ချုပ် ရေးအဖွဲ့ ကျေးရွာ စီထောက်အဖွဲ့၊ ကျေးရွာလူထု | ၃ | ၂၆ | ၂၉ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်း များနှင့် မည်သို့သောလုပ်ငန်းများ အတွက် မည်သည့်အဖွဲ့များ ချိတ်ဆက်လုပ်ကိုင်မှုရှိခြင်း |
| ၆ | ရာသီခွင်ပြ ပြက္ခဒိန်<br><br>(Seasonal Calender) | ၃၀-၁၀ ၂၀၁၇ | ကော်မတီဝင်များ၊ အမျိုးသမီး/သား ဆင်းရဲနွမ်းပါးသူ | ၃ | ၂၆ | ၂၉ | စိုက်ပျိုးရိတ်သိမ်းကာလ (တောင် ယာ၊လယ်ယာ)၊ စီးပွားရေး/ငွေရှာ (အရောင်းအဝယ်)၊ ပွဲတော်ချိန်၊ မိုးများကာလ၊ ကျန်းမာရေးဆိုး ကာလ၊ ဝင်ငွေအကောင်းဆုံး ကာလ၊ အလုပ်ပါးကာလ၊ ရေရှားကာလ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၇ | အခက်အခဲ/ပြဿနာ<br><br>(Problem) | ၃၀-၁၀<br>၂၀၁၇ | အမျိုးသမီး/သား၊<br>လူထုအားလုံး | ၃ | ၂၆ | ၂၉ | ငွေကြေးအရင်းအနှီးမရှိ၊<br>လမ်းပန်းဆက်သွယ်ရေး၊ မီးလင်းရေး<br>ရေလုံလောက်မှုမရှိ<br>ဖုန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊<br>ပညာရေး၊ စီးပွားရေး၊<br>စည်းလုံးခြင်းမရှိ။ |
| ၈ | ကျေးရွာ၏( ၄ )နှစ်စာ<br>မျော်မှန်းချက်များ<br><br>(Village visions) | ၃၀-၁၀<br>၂၀၁၇ | ကျေးရွာလူထု<br>အားလုံး | ၃ | ၂၆ | ၂၉ | စီးပွားရေးပိုမိုကောင်းမွန်လာရန်၊<br>ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊<br>ဘာသာရေး ပိုမိုကောင်းမွန်လာ၊<br>ကျေးရွာစည်းလုံးခြင်း<br>ပိုမိုကောင်းမွန်လာ၊<br>စားဝတ်နေရေးပိုမိုအဆင်ပြေလာ |
| ၉ | ကျေးရွာဖွံ့ဖြိုးရေး<br>လုပ်ငန်းစဉ်များ<br>(Village Approve<br>Vision) | ၃၀-၁၀<br>၂၀၁၇ | ရွာလူထု အားလုံး | ၃ | ၂၆ | ၂၉ | လမ်း(ကတ္တရာ)၊ မီး(လျှပ်စစ်မီး)၊<br>ခန်းမဆောင်၊ ရေလှောင်ကန်၊<br>ရေငုတ်/ပိုက်၊ စာသင်ကျောင်း တိုးချဲ့ |
| ၁၀ | ကျေးရွာဦးစားပေး<br>လုပ်ငန်းစဉ်များ<br><br>(Village Object<br>Vision) | ၃၀-၁၀<br>၂၀၁၇ | ရွာလူထု အားလုံး | ၃ | ၂၆ | ၂၉ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အဆင့်<br>သတ်မှတ်ခြင်း၊ တိုင်းတာခြင်း၊<br>ခန့်မှန်းကုန်ကျငွေ တွက်ချက်ခြင်း၊<br>အကျိုးခံစားခွင့် ရှိသူလူဦးရေ |
| ၁၁ | ကျေးရွာသမိုင်း<br>အကျဉ်းချုပ်<br><br>(Village History) | ၃၀-၁၀<br>၂၀၁၇ | အမျိုးသမီး/သား၊<br>လူထုအားလုံး | ၃ | ၂၆ | ၂၉ | ကျေးရွာစတင် တည်ထောင်သည့်<br>ခုနှစ်၊ အိမ်ခြေ၊ လူဦးရေ၊ လူမျိုး၊<br>ဘာသာစသော ကျေးရွာသမိုင်း<br>အချက်အလက် အဆင့်ဆင့်များ ကို<br>ဖော်ထုတ်ခြင်း |